# ၂-သင်္ကန်းဝတ်ပေးခြင်း

## (ရှင်လောင်း ကျက်ရန်)

သင်္ကန်းကပ်လှူရန် ပါဠိ

သကလ ဝဋ္ဋဒုက္ခ နိဿရဏ နိဗ္ဗာနဿ သစ္ဆိ-
ကရဏတ္ထာယ ဣမံ ကာသာဝံ ဂဟေတွာ ပဗ္ဗာဇေထ
မံ ဘန္တေ, အနုကမ္ပံ ဥပါဒါယ။

**သင်္ကန်းကပ်မြန်မာ။** ။**အရှင်ဘုရား....အလုံးစုံသော ဝဋ္ဋ ဒုက္ခ၏ လွတ်မြောက်ရာ နိဗ္ဗာန်ကို မျက်မှောက်ပြုပါရခြင်းအကျိုးငှါ တပည့်တော်၏လက်၌ ရှိသော ဤသင်္ကန်းကို ယူတော်မူ၍ တပည့်တော်ကို သနား စောင့်ရှောက် ချီးမြှောက်သောအားဖြင့် ရှင်သာမဏေ ပြုပေး တော်မူပါကုန်ဘုရား။**

[ဤသို့ဆိုပြီးလျှင် ရှင်သာမဏေလောင်း၏လက်မှာရှိသော သင်္ကန်းကို ဆရာဘုန်းတော်ကြီး၏လက်သို့ ကပ်လိုက်ရသည်။]

---

**အမှာ။** ။မိဘစသူတို့ ဝယ်ပေးထားသဖြင့် ရှင်လောင်း ပိုင် သင်္ကန်းပင်ဖြစ်သော်လည်း ဆရာဖြစ်သော ဘုန်းတော် ကြီးက ဝတ်ခွင့် မပြုလျှင် မိမိဘာသာ သင်္ကန်း မဝတ်ကောင်း သောကြောင့် မိမိလက်မှာရှိသောသင်္ကန်းကို ဆရာ့ထံကပ်ပြီးမှ ပြန်တောင်း၍ ဝတ်ရသည်။